# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၇၅ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၄-၇-၂၀၁၅ ] (အင်္ဂါနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးရဲထွန်း၊ သံတွဲ မဲဆန္ဒနယ်၏ **ပင်လယ်ဒီရေအတက်အကျနှင့် ပင်လယ်လှိုင်းစွမ်းအင်ကို အသုံးပြု၍ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် သင့်တော်သည့် နေရာ၊ ဒေသ ရှိပါသလား၊ ရှိပါက မည်သည့်ကာလတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ်၏ **ညောင်ရွှေမြို့နယ်၊ မိုင်းသောက် ကျေးရွာအုပ်စု၊ မီးသွေးဖုတ်ကွင်းအတွင်းရှိ တောင်သူ(၂၁)ဦး ပိုင်ဆိုင်သော လယ်ယာမြေ(၄၃.၅၉)ကေအတွက် ထိုက်သင့်သော လျော်ကြေးကို မည်သည့်အချိန်တွင် ပေးအပ်နိုင်မည်နည်း၊ လျော်ကြေး မပေးဘဲ မြေယာများအား မည်သည့်အချိန်တွင် ပြန်လည်ပေးအပ် နိုင်မည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန့်ဇင်၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **ကြို့ပင်ကောက်မြို့နယ် အနောက်ဘက်ခြမ်းနယ်မြေဒေသရှိ ကျေးရွာများ အမြန်ဆုံး ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော တောင်ရိုးကွင်း– လယ်တီလမ်းအား အဆင့်မြှင့်ပြုပြင်ဆောင်ရွက်ပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းအွမ်ဆိုင်မိုင်း၊ ကျေးသီး မဲဆန္ဒနယ်၏ **ကျေးသီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (လေး)အုပ်စု ဆက်သွယ်သွားလာဖြတ်သန်းသော နောင်ဆွမ်း–ခေါက်နွဲ့– နောင်ဆီး– ဝမ်စပ်– ခုန့်လုံ– ဝိန်းကောင် ကျေးလက်လမ်းအား မည်သည့်အချိန်တွင် စီစဉ်ဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **“ ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက **“ နိုင်ငံတော်သမ္မတ နှင့်ဒုတိယသမ္မတများ ရွေးချယ်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၈။ **“ နိုင်ငံတော်သမ္မတ နှင့်ဒုတိယသမ္မတများ ရွေးချယ်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် **“ နိုင်ငံတော်သမ္မတ နှင့်ဒုတိယသမ္မတများ ရွေးချယ်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၇၆ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။